# Federation of Trade Unions – Burma

*Responsibilities & Rights*

International Contact
Burma Office - Japan
101-0062
3F, Sohyo Kaikan
3-2-11, Kanda-Surugadai
Chiyoda-Ku Tokyp Japan
Te;: 81 3 5296 3010
Fax: 81 3 5296 7903

## (၉၉) ကြိမ်မြောက် ILO ညီလာခံ စံနှုန်းစံထားကော်မတီ၊ အထူးကြားနာချက်မှ ချမှတ်သောဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေငြာချက်

၂၀၁၀ ခုနှစ် ဇွန်လ ၅ ရက်တွင် ပြုလုပ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (ILO) စံနှုန်းစံထားကော်မတီ မှ မြန်မာနိုင်ငံ၌ဆက်လက်ချိုးဖေါက်နေသည့် အဓမ္မလုပ်အားပေးမှုများ၊ ခလေးစစ်သားအမှုများနှင့်ပတ်သက်၍အထူးကြားနာချက်မှ ဆုံးဖြတ်ချက် (၁၀) ရပ်ချမှတ်ခဲ့သည်။

**၎င်းတို့မှာ –**

၁။ အိုင်အယ်အို ပြဋ္ဌာန်းချက် ၂၉ နှင့် လျော်ညီအောင် ကျေးလက်နှင့်မြို့ပြဥပဒေကို ပြင်ဆင်ရန်။

၂။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ်တွင် အခန်း ၈ အပိုဒ် (၁၅) ကိုလည်း အိုင်အယ်အို ပြဋ္ဌာန်းချက် (၂၉) နှင့် လျော်ညီအောင် ပြင်ဆင်ပြောင်းလဲရန်။

၃။ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သော အဓမ္မအလုပ်စေခိုင်းမှုများ၊ ကလေးစစ်သားစုဆောင်းမှုများနှင့် အဓမ္မအလုပ် ခိုင်းစေရန် အတင်းအဓမ္မလူစုဆောင်းမှုများ လုံးဝပျောက်ကွယ်သွားအောင် ဆောင်ရွက်ရန်။

၄။ အဓမ္မအလုပ်ခိုင်းစေမှု ကျူးလွန်သူများကို အရပ်ဖက်အမှုထမ်းဖြစ်စေ၊ စစ်ဘက်အမှုထမ်းဖြစ်စေ တရားရုံးမှ ထိရောက်စွာပြစ်ဒဏ်ချမှတ်ရန်။

၅။ အစိုးရအနေနှင့် အလုပ်သမားများကိုအခကြေးငွေနှင့်အလုပ်စေခိုင်းနိုင်ရန် လိုအပ်သောငွေကြေးပမာဏကို နိုင်ငံတော်ဘတ်ဂျက်မှ သီးသန့်ခွဲဝေချမှတ်ထားပေးရန်။

၆။ အဓမ္မအလုပ်စေခိုင်းခံရသူများ ၎င်းတို့၏မိသားစုဝင်များနှင့် အခြားမည်သူမဆို အိုင်အယ်အိုသို့တိုင်ကြားမှုကြောင့် အာဏာပိုင်များအနေနှင့် အနှောင့်အယှက်ပေးခြင်း၊ လက်စားချေတုန့်ပြန်ခြင်း၊ ထောင်သွင်းအကျဉ်းချ ထား မှုများ ပြုလုပ်နေခြင်းကိုရပ်တန့်ရန် နှင့် ပပျောက်အောင် ဆောင်ရွက်ရန်။

၇။ အိုင်အယ်အိုသို့ တိုင်ကြားမှုကြောင့် လက်ရှိဖမ်းဆီးခံထားရသူများကို ချက်ခြင်း ပြန်လွှတ်ရန်။

၈။ အစိုးရအနေနှင့် ပညာပေးလက်ကမ်းစာစောင်များကို တိုင်းရင်းသားဘာသာစကားများနှင့်လည်း ကျယ်ကျယ် ပြန့်ပြန့်ထုတ်ဝေဖြန့်ချီရန်။

၉။ အစိုးရအနေနှင့် ကလေးစစ်သားစုဆောင်းမှုများပပျောက်စေရေးအတွက် စစ်ဘက်အရာရှိများကို သင်တန်းများ ပို့ချခြင်းအပါအဝင် အသိပညာပေးလုပ်ငန်းများ ထိထိရောက်ရောက် တိုးချဲ့ဆောင်ရွက်ရန်။

၁၀။ ကလေးစစ်သားများကိုစစ်ပွဲတွင်အသုံးချနေမှု၊ ကလေးစစ်သားအဓမ္မစုဆောင်းမှုဆိုင်ရာ အစီရင်ခံစာများ အကဲခတ်စောင့်ကြည့်ရေးဆိုင်ရာကိစ္စများတွင် အိုင်အယ်အို အဖွဲ့ဝင်နိုင်ငံတခုဖြစ်သည်နှင့်လျော်ညီစွာအခြားအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်း ဆောင်ရွက်မှုပြုလုပ်ရန်။

စသည့် ဆုံးဖြတ်ချက် ၁၀ ရပ်ကို ချမှတ်ခဲ့ပါသည်။ ထို့အပြင် အိုင်အယ်အိုညီလာခံကြီးအနေနှင့် မြန်မာနိုင်ငံ အတွင်း လူ့အခွင့်အရေးချိုးဖောက် ကျူးလွန်နေမှုများအတွက် အာရုံစူးစိုက်ထားကြောင်း၊ ဖမ်းဆီးချုပ်နှောင်ထားသည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများနှင့်အလုပ်သမားအခွင့်အရေးလှုပ်ရှားဆောင်ရွက်သူများကိုလွှတ်ပေးရန်လည်းတောင်းဆိုထား ပါသည်။

အထက်ပါဖော်ပြချက်များသည် နအဖအနေနှင့်အဓမ္မအလုပ်စေခိုင်းမှုပပျောက်ရေးဆိုင်ရာကိစ္စ၊ အရွယ်မရောက်သေးသူများကို အတင်းအဓမ္မအလုပ်စေခိုင်းမှုမြောက်သောကလေးသူငယ်များကို အဆိုးရွားဆုံးအလုပ်ခိုင်းစေမှုပုံစံတွင်ပါဝင်သော အဓမ္မကလေးစစ်သား စုဆောင်းနေခြင်း၊ စစ်ပွဲများတွင် မိုင်းရှင်းသူများအဖြစ် အသုံးပြုနေခြင်း ဆိုင်ရာ ကိစ္စများ၊ အိုင်အယ်အိုသို့တိုင်ကြားသူများကို မတရား ဖမ်းဆီးအနှောက်အယှက်ပြုမှုဆိုင်ရာကိစ္စများ၊ အခွင့်အရေးဆိုင်ရာအသိပညာပေးမှုကိစ္စရပ်များတွင်အိုင်အယ်အိုနှင့်နိုင်ငံတကာအသိုင်း အဝိုင်း သို့ လှည့်ဖြားလိမ်ညာရန်ကြိုးစားမှုရုပ်လုံးပေါ်ပွင့်ကျပြီးဤလှည့်ဖျားမှုများကိုအိုင်အယ်အိုမှ လက်သင့်မခံကြောင်း ထင်ရှားသော ဖော်ပြချက် များပင်ဖြစ်သည်။

ထို့ပြင် နအဖမှ ၂၀၀၈ ခုနှစ်တွင်မတရားအတည်ပြုထားသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၉ (အခန်း ၈ အပိုဒ် ၁၅) တွင် နိုင်ငံတော်သည် ဥပဒေကျူးလွန်၍ အပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒနှင့်အညီတာဝန်ချထားခြင်းမှတပါး အဓမ္မစေခိုင်း ခြင်းကို တားမြစ်သည်ဟု ဖော်ပြထားသည်။

ဤပြဌာန်းချက်သည် အဓမ္မအလုပ်စေခိုင်းမှုကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရခွင့်ပြုထားသော ဥပဒေပုဒ်မဖြစ်သည်။ ဤဥပဒေ အတိုင်းသာဆိုပါက အာဏာပိုင်များအနေနှင့် အဓမ္မအလုပ်စေခိုင်းမှုကို လိုအပ်သလိုတရားဝင်လုပ်ဆောင်ခွင့်ပေးထားခြင်းပင်ဖြစ် သည်။ ထို့ကြောင့် အိုင်အယ်အိုမှ ထိုဥပဒေပုဒ်မကိုပြင်ဆင်ပြောင်းလဲရန်တောင်းဆိုချက်သည်အဓမ္မအလုပ်စေခိုင်းမှု ပပျောက်ရေးနှင့် ဤဒဏ်ကို ခါးစည်းခံနေရသည့် မြန်မာပြည်သူတို့အတွက် အရေးတကြီး လိုအပ်သော အချက်ဖြစ်သည်။

မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်အနေဖြင့် **ILO** မှ တောင်းဆိုချက်များနှင့်ဆုံးဖြတ်ချက်များသည် ယနေ့မြန်မာနိုင်ငံတွင် အမှန်တကယ်ပြုပြင်ပြောင်းလဲရန်လိုအပ်နေသောအချက်များဖြစ်သဖြင့် လိုက်လှဲစွာ ထောက်ခံ ကြိုဆိုလိုက်ပါသည်။

မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်
နေ့စွဲ။ ။ ၂၀၁၀ ခုနှစ် ဇွန်လ ( ၇ ) ရက်။
ဆက်သွယ်ရန် – ၄၁ ၇၆ ၇၈၈ ၅၃၅၅

မှတ်ချက်။ ။ အခန်း (၈) အပုဒ် (၁၅) သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၈) ပုဒ်မ (၃၈၉)အား ရည်ညွှန်းသည်။